Narinjara · Follow

9h

ကုလသမဂ္ဂမှ ဒုက္ခသည်တွေအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရဆီက မြေနေရာပိုတောင်း

နီရဥ္ဇရာ၊ ဇွန် ၂၁/၂၀၂၆

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က မြန်မာနိုင်ငံကနေ ရောက်ရှိလာတဲ့ မွတ်ဆလင် ဒုက္ခသည်တွေအတွက် မြေနေရာအသစ်တောင်းဆိုလိုက်တယ်လို့ သတင်းရရှိပါတယ်။

ဒီလိုတောင်းဆိုတာဟာ နောက်ထပ် အသစ်ရောက်ရှိလာတဲ့ ဒုက္ခသည် တစ်သိန်းခွဲအတွက်လို့ ဆိုပါတယ်။

ဒုက္ခသည်ကယ်ဆယ်ရေးနဲ့ နေရပ်ပြန်ရေးကော်မရှင်နာရုံးရဲ့ အကြီးအကဲ မီဇာနူရာမန်က UNHCR က ဒုက္ခသည်တွေအတွက် ခိုလှုံရာနေရာတွေ ဆောက်လုပ်ဖို့ အတွက် မြေယာတွေ ပိုမိုပေးအပ်ဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထပ်မံတောင်းဆိုခဲ့တယ်လို့ စနေနေ့မှာ New Age ကို ပြောကြားခဲ့ပါတယ်။

ဒါပေမယ့်လည်း ဒီတောင်းဆိုမှုအပေါ် ဘင်္ဂလားဒေ့ရှ်အစိုးရ မဆုံးဖြတ်ရသေးဘူးလို့ ဆိုပါတယ်။

ပါမောက္ခ Muhammad Yunus ဦးဆောင်တဲ့ ကြားဖြတ်အစိုးရရဲ့ တစ်နှစ်ခွဲ သက်တမ်းအတွင်း အသစ်ဝင်လာတဲ့ ဒုက္ခသည် ၁.၅ သိန်းကို နေရပ်ပြန်ပို့ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးလို့ မီဇာနူရာမန်က ဆက်လက်ပြောကြားပါတယ်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလက ၂၀၂၅ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်လာသော မွတ်ဆလင်ဒုက္ခသည် အရေအတွက်ဟာ ၁.၁၃ သိန်းရှိတယ်လို့ဆိုပါတယ်။

ဘင်္ဂလားဒေ့ရှ် စခန်းတွေမှာ ခိုလှုံနေကြတဲ့ မွတ်ဆလင်ဒုက္ခသည်ဦးရေဟာ ယခုအခါ ၁၃ သိန်းအထိ တိုးလာကာ နှစ်စဉ် ပျမ်းမျှ မွေးဖွားသူ ၃၀,၀၀၀ ခန့်ရှိတယ်လို့ New Age မှာ ဖော်ပြထားပါတယ်။

ကော့ဘဇားခရိုင်က အိုကီးယားနဲ့ တက်ကနက်မြို့နယ်တွေမှာ ဒုက္ခသည် စခန်း ၃၃ ခုရှိပြီး နော်ဝါခါလီ ခရိုင်ရှိ ဘာဆန်ချာကျွန်းမှာလည်း နောက်ထပ်စခန်းတစ်ခု တည်ထောင်ထားတယ်လို့ဆိုပါတယ်။

စနေနေ့တွင်ကျရောက်ခဲ့တဲ့ ကမ္ဘာ့ဒုက္ခသည်တွေနေ့ အထိမ်းအမှတ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရဲ့ အချက်အလက်တွေအရ ကမ္ဘာတစ်ဝှမ်းရှိ အိုးအိမ်မဲ့ရွှေ့ပြောင်းသူ ၄၂ သန်းနီးပါးကို ထောက်ပံ့ကူညီရန် ကမ္ဘာ့နိုင်ငံတွေကို တိုက်တွန်းခဲ့တယ်လို့ သိရပါတယ်။

ဇွန်လ ၁၁ ရက်နေ့က ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးရဲ့ အထင်ကရ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ရာ ဒုက္ခသည် ၁၀ ဦးတွင် ၇ ဦးဟာ ကာလရှည် အိုးမဲ့အိမ်မဲ့ နေထိုင်နေရကြောင်း ဖော်ပြခဲ့ပါတယ်။

Ref and Photo: New Age

1.1k · 157 comments · 54 shares

Like · Comment · Share

https://www.facebook.com/share/195dcKXzHN/